SHWE THAN LWIN GROUP

# လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒ

## ကျွန်ုပ်တို့၏ ကတိကဝတ်

ရွှေသံလွင်လုပ်ငန်းစုတွင် ကျွန်ုပ်တို့သည် စီးပွားရေးလုပ်ငန်းများကို ကျင့်ဝတ်သိက္ခာ၊ ပွင့်လင်းမြင်သာစွာအပြင် တည်ဆဲဥပဒေများနှင့်အညီ လုပ်ဆောင်သွားရန် ကတိပြုထားပါသည်။ လာဘ်ပေးလာဘ်ယူမှုနှင့် အကျင့်ပျက်ခြစားမှုတို့သည် ယုံကြည်မှုနှင့် ဂုဏ်သိက္ခာကို ထိခိုက်စေသည့်အပြင် ကျွန်ုပ်တို့၏ အခြေခံမူများနှင့် မကိုက်ညီ မျှတမှုမရှိသော အကျိုးကျေးဇူးများကို ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် ကျင့်ဝတ်ဆိုင်ရာ အမူအကျင့်အပေါ် ထားရှိသည့် ကျွန်ုပ်တို့၏ မျှော်လင့်ချက်များကို ကုမ္ပဏီနှင့် ဆက်နွှယ်ပတ်သက်သူတိုင်း နားလည် လိုက်နာကျင့်သုံးစေရန် အောက်ဖော်ပြပါ မူဝါဒကို ပြဋ္ဌာန်းထားပါသည်။

ဤမူဝါဒကို UN Global Compact ၏ ဆယ်ခုမြောက် အခြေခံမူများဖြစ်သည့် “စီးပွားရေးလုပ်ငန်းများသည် ငွေညှစ်ခြင်းနှင့် လာဘ်ပေးလာဘ်ယူခြင်းအပါအဝင် အကျင့်ပျက်ခြစားမှုအားလုံးကို ဆန့်ကျင်သင့်သည်” ဟုသော ပြဋ္ဌာန်းမှုအပေါ် အခြေခံထားပါသည်။ ၎င်းသည် လုပ်ငန်းစု၏ ဝန်ထမ်းများ၊ ဒါရိုက်တာများ၊ ကန်ထရိုက်တာများ၊ အတိုင်ပင်ခံများအပြင် လုပ်ငန်းစုနှင့် ချိတ်ဆက်ထားသော ရောင်းချသူများ အားလုံးနှင့် သက်ဆိုင်ပါသည်။ လုပ်ငန်းစုလက်အောက်ရှိ ရာနှုန်းပြည့်ပိုင်ဆိုင်သော ကုမ္ပဏီတိုင်းနှင့် လုပ်ငန်းစု၏ ထိန်းချုပ်မှုအောက်ရှိ ဖက်စပ်ကုမ္ပဏီတိုင်းသည် လာဘ်ပေးလာဘ်ယူမှု နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူ မူဝါဒအတိုင်း လိုက်နာကျင့်သုံးရမည် ဖြစ်ပါသည်။

## အဓိပ္ပါယ် ဖွင့်ဆိုချက်

လာဘ်ပေးလာဘ်ယူမှုဆိုသည်မှာ တန်ဖိုးရှိ အရာတစ်ခုကို တစ်စုံတစ်ဦးမှ ကမ်းလှမ်းခြင်း၊ ပေးခြင်း၊ တောင်းဆိုခြင်း (သို့) လက်ခံခြင်းဖြင့် လုပ်ငန်းတစ်ခု၏ ဆုံးဖြတ်ချက်ကို မတရားသဖြင့် လွှမ်းမိုးခြင်းဖြစ်သည်။ လာဘ်ပေးလာဘ်ယူမှုတွင် အစိုးရအရာရှိများ၊ စီးပွားရေး လုပ်ဖော်ကိုင်ဖက်များ (သို့) အခြားမည်သူ့ကိုမဆို ပေးအပ်သည့် ငွေကြေး၊ လက်ဆောင်များ၊ အကူအညီများ (သို့) အခြားအကျိုးအမြတ် ပေးခြင်းတို့ ပါဝင်ပါသည်။

ကျွန်ုပ်တို့ကိုယ်စား လုပ်ဆောင်နေသော ကန်ထရိုက်တာများ၊ အတိုင်ပင်ခံများ (သို့) လုပ်ငန်းစုနှင့် ချိတ်ဆက်ထားသော ရောင်းချသူများအပြင် လုပ်ငန်းစုကိုယ်စား ပြင်ပအဖွဲ့အစည်းများဖြင့် ချိတ်ဆက်၍ ဝန်ဆောင်မှုများ၊ လုပ်ငန်းစဉ်များ (သို့) လုပ်ငန်းလုပ်ဆောင်မှုများ လုပ်ဆောင်သည့်အခါတွင်လည်း ဤမူဝါဒနှင့်အညီ လိုက်နာလုပ်ဆောင်ရန် လိုအပ်ပါသည်။

ကျွန်ုပ်တို့၏ ဝန်ထမ်းများအနေဖြင့် အမှီအခိုကင်းသော ကန်ထရိုက်တာများ၊ အတိုင်ပင်ခံများ (သို့) လုပ်ငန်းစုနှင့် ချိတ်ဆက်ထားသော ရောင်းချသူများနှင့် ဆက်ဆံပြောဆိုရာတွင်လည်း အဆိုပါ မူဝါဒနှင့်အညီ လုပ်ကိုင်ရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ပြင်ပအဖွဲ့အစည်းများသည်လည်း ကျွန်ုပ်တို့၏ မူဝါဒကို သိရှိလာမှာ ဖြစ်ပါသည်။ လုပ်ငန်းစု၏ ထိန်းချုပ်မှုအောက်တွင်မရှိသော ဖက်စပ်ကုမ္ပဏီများအနေနှင့်လည်း လာဘ်ပေးလာဘ်ယူမှုမှ ကာကွယ်နိုင်ရန် လုပ်ငန်းစု၏မူဝါဒနှင့် အလားတူ လုပ်ထုံးလုပ်နည်းများကို ချမှတ်ကြရန် လုပ်ငန်းစုမှ တိုက်တွန်းပါသည်။

## အခြေခံမူများ

**လာဘ်ပေးလာဘ်ယူမှုအတွက် လုံးဝသည်းခံမှု မရှိခြင်း**

ကျွန်ုပ်တို့သည် မည်သည့်အခြေအနေမျိုးတွင်မဆို လာဘ်ပေးလာဘ်ယူမှု (သို့) အကျင့်ပျက်ခြစားမှုကို လက်ခံမည် မဟုတ်ပါ။ ဤမူဝါဒအပေါ် ညှိနှိုင်းလျှော့ပေါ့မည် မဟုတ်သည့်အပြင် အဆိုပါ မူဝါဒသည် ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှုများ၊ ဝန်ထမ်းများနှင့် လုပ်ငန်းဆက်ဆံရေးများ အားလုံးအတွက် အကျုံးဝင်ပါသည်။

**ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု**

ငွေကြေးလွှဲပြောင်းမှုများနှင့် မှတ်တမ်းများအားလုံးကို တိကျမှန်ကန်စွာဖြင့် အသေးစိတ် ဖော်ပြရပါမည်။ ငွေပေးချေမှုများကို လွဲမှားစွာတင်ပြခြင်း (သို့) ဖုံးကွယ်ခြင်းတို့ကို တင်းကြပ်စွာ တားမြစ်ထားပါသည်။

**ဥပဒေများကို လိုက်နာခြင်း**

မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် UN Global Compact ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အခြေခံမူများကဲ့သို့သော နိုင်ငံတကာမူဘောင်များ အပါအဝင် အခြားသက်ဆိုင်ရာ လာဘ်ပေးလာဘ်ယူနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအားလုံးကို လိုက်နာရပါမည်။

## လက်ဆောင်များနှင့် ဧည့်ဝတ်ပြုခြင်းဆိုင်ရာ လမ်းညွှန်ချက်များ

လုပ်ငန်းလက်ဆောင်များနှင့် ဧည့်ဝတ်ကျေပွန်မှုတို့သည် ကောင်းမွန်သော ဆက်ဆံရေးကို တည်ဆောက်နိုင်သော်လည်း ၎င်းတို့သည် လုပ်ငန်းပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များအပေါ် သက်ရောက်မှုရှိခြင်း (သို့) အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခများ ဖြစ်စေခြင်းများ မရှိရပါ။

**ခွင့်ပြုထားသောလက်ဆောင် ပမာဏများ**

အရောင်းမြှင့်တင်ရေးပစ္စည်းများ (သို့) ဂါဝရပြုခြင်းဆိုင်ရာကဲ့သို့သော လက်ဆောင်များကို လက်ခံနိုင်သည်။ ဥပမာ ပြက္ခဒိန်များ၊ ဘောပင်များ (သို့) တံဆိပ်တပ်ထားသော ကုန်ပစ္စည်းများကို ပုံမှန်အားဖြင့် ခွင့်ပြုထားပါသည်။

လက်ခံရရှိသော လက်ဆောင်များ အားလုံးအတွက် သက်ဆိုင်ရာ လုပ်ငန်းဌာန အကြီးအကဲမှ ထိန်းသိမ်းထားသော စာရင်းတွင် မှတ်တမ်းတင်ရမည်ဖြစ်ပြီး လက်ဆောင်၏ အသေးစိတ်ဖော်ပြချက်၊ လက်ဆောင်ပေးသူ၏ အမည်နှင့် စွန့်ပစ်ပုံ အစရှိသည်တို့ကို အသေးစိတ်ဖော်ပြရပါမည်။

လက်ဆောင်များကို သက်ဆိုင်ရာ လုပ်ငန်းဌာန အကြီးအကဲ၏ ခွင့်ပြုအတည်ပြုချက်ဖြင့် ဝန်ထမ်းမှ လက်ခံထားနိုင်ပါသည်။ လက်ဆောင်ပစ္စည်းများအတွက် ပြန်ကျေးဇူးဆပ်ရန် (သို့) တောင်းဆိုချက်များကို ဖြည့်ဆည်းပေးရန် မလိုအပ်သည့် အခြေအနေတွင် လက်ခံရရှိမှသာ လက်ဆောင်များကို လက်ခံထားနိုင်မှာဖြစ်ပါသည်။

**ဧည့်ဝတ်ပြုမှု**

ရံဖန်ရံခါ ကျိုးကြောင်းဆီလျော်မှုရှိသည့် အခါမျိုးတွင် ကုန်ကျစရိတ်သင့်တင့်ပြီး တရားဝင် လုပ်ငန်းဆက်ဆံရေး ခိုင်မာစေရန် ရည်ရွယ်ချက်ဖြင့် ကျွေးမွေးသော လုပ်ငန်းနေ့လယ်စာ (သို့) ညစာများကို လက်ခံနိုင်ပါသည်။ အကြိမ်အကြိမ် (သို့) အလွန်အကျွံ ဧည့်ဝတ်ပြုခြင်းများကို ခွင့်မပြုပါ။

ဝန်ထမ်းများသည် ခွင့်ပြုထားသော ကန့်သတ်ချက်ထက် ကျော်လွန်သည့် လက်ဆောင် (သို့) ဧည့်ဝတ်ပြုမှုများကို သက်ဆိုင်ရာသို့ အကြောင်းကြားပြီး မှတ်တမ်းတင်ရပါမည်။ အချို့သော ကိစ္စများအတွက် အကြီးတန်းစီမံခန့်ခွဲမှု၏ ခွင့်ပြုချက်ကို လိုအပ်ပါသည်။

**Shwe Than Lwin Group**
No.139(A)/171(A), May Yu Housing Compound, Corner of May Yu Street & Lower Pazundaung Road,
Botahtaung Township, Yangon, Myanmar
contact@ms.stlholding.com.mm
**www.shwethanlwin.com**

SHWE THAN LWIN GROUP

# လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒ

## အသေးစား ငွေပေးခြင်း/လာဘ်ပေးခြင်း

**အသေးစား ငွေပေးခြင်း/လာဘ်ပေးခြင်း –**
ပုံမှန်ဝန်ဆောင်မှုများကို လုံခြုံစေရန် (သို့) အလျင်အမြန် ပြုလုပ်ရန်အတွက် တရားဝင်မဟုတ်သော ငွေပေးချေမှုများကို တင်းကျပ်စွာ တားမြစ်ထားပါသည်။

- ငွေပေးချေမှုတစ်ခုသည် အသေးစား ငွေပေးခြင်း/လာဘ်ပေးခြင်းအဖြစ် သတ်မှတ်နိုင်ခြင်း ရှိ၊ မရှိ မသေချာပါက ဆက်လက် မလုပ်ဆောင်မီ အကြီးတန်းစီမံခန့်ခွဲမှုထံမှ လမ်းညွှန်ချက်ကို ရယူပါ။
- ဘေးကင်းရေးအပေါ် ထိခိုက်စေမည့် ခြိမ်းခြောက်မှုများ၊ ပြင်းထန်သော ဖိအားပေးမှုများကို ကြုံတွေ့ရပါက ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ဘေးကင်းလုံခြုံရေးကို ဦးစားပေးပြီး အထက်သို့ ချက်ချင်းသတင်းပို့ရပါမည်။

## Third-Party ဆက်ဆံရေး

ကျွန်ုပ်တို့ကိုယ်စား လုပ်ကိုင်ဆောင်ရွက်ပေးသည့် Third Party တို့သည်လည်း ကျွန်ုပ်တို့၏ လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေး စံနှုန်းများအတိုင်း လိုက်နာရန် ကျွန်ုပ်တို့တွင် တာဝန်ရှိပါသည်။ Third Party များတွင် လုပ်ငန်းစုနှင့် ချိတ်ဆက်ထားသော ရောင်းချသူများ၊ ကန်ထရိုက်တာများ၊ အတိုင်ပင်ခံများ၊ အေးဂျင့်များနှင့် ဖက်စပ်လုပ်ဖော်ကိုင်ဖက်များ ပါဝင်ပါသည်။

- လုပ်ငန်းပိုင်းဆိုင်ရာ ဆက်ဆံရေးများ မပြုလုပ်မီ စိစစ်မှုများကို လုပ်ဆောင်ပါ။
- Third Partyအား ကျွန်ုပ်တို့၏ လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးမူဝါဒအတိုင်းလိုက်နာရန်ကို သဘောတူရန်(သို့) အလားတူ မူဝါဒအတိုင်း ပြုမူလုပ်ဆောင်ရန်တောင်းဆိုပါ။
- Third Party များမှ မူဝါဒအတိုင်း လိုက်နာခြင်း ရှိ၊ မရှိကို စောင့်ကြည့်ပါ။

## နိုင်ငံရေးဆိုင်ရာ ပံ့ပိုးမှုများနှင့် အလှူဒါနပြုခြင်း

**နိုင်ငံရေးဆိုင်ရာ ပံ့ပိုးမှုများ**
ကျွန်ုပ်တို့သည် မသင့်လျော်သော ဩဇာလွှမ်းမိုးမှု (သို့) ဘက်လိုက် မျက်နှာသာပေးမှုကို ရှောင်ရှားနိုင်ရန် နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များအတွက် အလှူငွေ (သို့) ပစ္စည်း လှူဒါန်းခြင်းများကို မပြုလုပ်ပါ။

**အလှူဒါနပြုခြင်း**
တရားဝင်၊ ကျင့်ဝတ်မှန်ကန် ပွင့်လင်းမြင်သာစွာဖြင့် ပြုလုပ်သည့် အလှူအတန်းများတွင် အလှူဒါနပြုခြင်းကို အားပေးပါသည်။ လှူဒါန်းမှုအားလုံးအတွက် အကြီးတန်းစီမံခန့်ခွဲမှုမှ အတည်ပြုရန် လိုအပ်ပြီး လှူဒါန်းမှု၏ တရားဝင်မှုကို အတည်ပြုရန် မှတ်တမ်းတင်ထားရပါမည်။ စီးပွားရေး အကျိုးအမြတ်များရရှိရန် (သို့) လာဘ်ပေးလာဘ်ယူမှုကို ဖုံးကွယ်ရန်အတွက် လှူဒါန်းခြင်းများကို လုံးဝ မပြုလုပ်ရပါ။

## ဝန်ထမ်းများ၏ တာဝန်ဝတ္တရား

လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုကို တိုက်ဖျက်ရာတွင် ဝန်ထမ်းတိုင်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ဝန်ထမ်းများအနေဖြင့်

- ကျင့်ဝတ်စံနှုန်းများကို ထိခိုက်စေသော လာဘ်ပေးမှုများ၊ လက်ဆောင်များ (သို့) အကူအညီများကို ကမ်းလှမ်းခြင်း (သို့) လက်ခံခြင်းတို့ကို ရှောင်ကြဉ်ပါ။
- ဤမူဝါဒတွင် ဖော်ပြထားသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေများကို သိရှိနားလည်အောင် လုပ်ဆောင်ပါ။
- သံသယဖြစ်ဖွယ်လုပ်ဆောင်ချက် (သို့) ဤမူဝါဒကို ချိုးဖောက်သည့် အပြုအမူ၊ လုပ်ဆောင်ချက်များကို သိရှိပါက ချက်ချင်းသတင်းပေးပို့ပါ။

ဤမူဝါဒကို လိုက်နာရန် ပျက်ကွက်ပါက အလုပ်မှ ရပ်စဲခြင်းနှင့် ဥပဒေဆိုင်ရာ အကျိုးဆက်များ အပါအဝင် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။

## အစီရင်ခံခြင်းနှင့် သတင်းပေးပို့ခြင်း

ဝန်ထမ်းများအနေဖြင့် လာဘ်ပေးလာဘ်ယူမှု (သို့) အကျင့်ပျက်ခြစားမှုဆိုင်ရာ ကိစ္စရပ်များကို သိရှိပါက ကြောက်ရွံ့ခြင်း မရှိဘဲ တိုင်ကြားရန် တိုက်တွန်းပါသည်။ တိုင်ကြားမှုများကို စာရင်းစစ်နှင့် ဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီ (သို့) သတ်မှတ်ထားသော သက်ဆိုင်ရာ နည်းလမ်းများမှတစ်ဆင့် ပေးပို့နိုင်ပါသည်။

**လျှို့ဝှက်ထားမှု**
တိုင်ကြားသူသည် မည်သူမည်ဝါဖြစ်သည်ကို လျှို့ဝှက်ထားမည်ဖြစ်ပြီး သတင်းပေးပို့ခြင်းအတွက် လက်တုံ့ပြန် ခံရခြင်းမှ ကာကွယ်ပေးမှာ ဖြစ်ပါသည်။

**စုံစမ်းစစ်ဆေးရေး လုပ်ငန်းစဉ်**
အစီရင်ခံစာများကို စနစ်တကျ စိစစ်သုံးသပ်သွားမည်ဖြစ်ပြီး စည်းကမ်းချိုးဖောက်မှုများအတွက် သင့်လျော်သော လုပ်ငန်းစဥ် (သို့) ပြစ်ဒဏ်များဖြင့် အချိန်နှင့် တပြေးညီ ကိုင်တွယ်ဖြေရှင်းသွားမှာ ဖြစ်ပါသည်။

## ပြဌာန်းထားသည့် မူဝါဒကို ချိုးဖောက်ခြင်း၏ အကျိုးဆက်များ

ဤမူဝါဒကို ချိုးဖောက်ပါက

- အလုပ်အကိုင် ရပ်စဲခြင်းအပါအဝင် လုပ်ငန်းစုမှ ချမှတ်ထားသည့် စည်းကမ်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း လုပ်ဆောင်ခြင်း။
- တည်ဆဲပြဌာန်းထားသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအောက်ရှိ တရားရေးဆိုင်ရာ တရားစွဲဆိုမှုများကို ပြုလုပ်ခြင်း။
- ကုမ္ပဏီနှင့် ပါဝင်ပတ်သက်သည့် လူတစ်ဦးချင်း၏ ဂုဏ်သိက္ခာကို ထိခိုက်စေခြင်း။

**Shwe Than Lwin Group**
No.139(A)/171(A), May Yu Housing Compound, Corner of May Yu Street & Lower Pazundaung Road,
Botahtaung Township, Yangon, Myanmar
contact@ms.stlholding.com.mm
www.shwethanlwin.com